# ဂျီဟာ့ဒ်–

၂၀၀၉ ခု နိုဝင်ဘာ ၁၃ရက်

**بِسْمِ اللّهِ الرَّحْمـَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်၏ ဂုဏ်တော်အားဖြင့်–

**أَجَعَلْتُمْ سِقَايَةَ الْحَاجِّ وَعِمَارَةَ الْمَسْجِدِ الْحَرَامِ كَمَنْ آمَنَ بِاللّهِ وَالْيَوْمِ الآخِرِ وَجَاهَدَ فِي سَبِيلِ اللّهِ لاَ يَسْتَوُونَ عِندَ اللّهِ وَاللّهُ لاَ يَهْدِي الْقَوْمَ الظَّالِمِينَ۞**

ဟာ့ဂျ် ၌ သောက်ရေ ဒါနပြုခြင်း၊ ဘေးမဲ့ဝတ်ကျောင်းတော် (မဆ်ဂျစ်ဒေ့ ဟရာမ်)အား လှည့်ပတ်ဂါယာ (အွမ်မ္ဗရာဟ်) ပြုခြင်းများသည် အလ္လာဟ်အရှင်နှင့် နောက်ဆုံးနေ့ကာလအား ယုံကြည်လျှက် အလ္လာဟ်အရှင်၏ လမ်းစဉ်တော်၌ စွမ်းစွမ်းတမံ ရုန်းကန်ခြင်း (ဂျီဟာ့ဒ်) ကဲ့သို့ ဖြစ်ကြသလော၊ အလ္လာဟ်အရှင်၏ ထံ၌ အလျှဉ်း မတူညီချေ။ အလ္လာဟ်အရှင်သည် အမိုက်စီးသော လူမျိုးအား လမ်းညွှန်ခြင်း မရှိချေ။ (၉း၁၉)

**الَّذِينَ آمَنُواْ وَهَاجَرُواْ وَجَاهَدُواْ فِي سَبِيلِ اللّهِ بِأَمْوَالِهِمْ وَأَنفُسِهِمْ أَعْظَمُ دَرَجَةً عِندَ اللّهِ وَأُوْلَئِكَ هُمُ الْفَائِزُونَ۞**

ယုံကြည်လျှက် စွန့်ခွာခဲ့ရကာ၊ အလ္လာဟ်အရှင်၏ လမ်းစဉ်တော်၌ ဉာဉ်စရိုက် ဥစ္စာစည်းစိမ်ကို စွန့်၍ စွမ်းစွမ်းတမံ ရုန်းကန်သော သူများ၏ အခွင့်အလမ်းမှာ အလ္လာဟ်အရှင်၏ ထံတော်၌ ပိုမို ကြီးမား၏၊ ထိုသူတို့သည် အောင်ဆု ခူးသူများ ဖြစ်ကြ၏။ (၁၉–၂၀)

လေးစားချစ်ခင်သော ဓမ္မမိတ်ဆွေ အပေါင်းတို့ ခင်ဗျား– ကျွန်တော်ကိုယ်တိုင် ဟာဂျီ တစ်ဦးပါ။– ကျွန်တော်တို့ ချစ်ခင် မြတ်နိုးနှလုံးသည်းပွတ်မှ တန်ဘိုးထားအပ်တဲ့ အလ္လာ့ဟ်စကားတော် ကျမ်းမြတ်ကုရ်အံပါ– ဒီ အာယတ်တော်လေးများကို သတိထားပြီး ဖတ်မိတဲ့အခါ– မိမိကိုယ်ကို မိမိတွေးမိတာက– “ငါ့မှာ ငွေကုန်ကြေးကျခံပြီး– ဟာ့ဂျ်ကို သွားခဲ့တယ်၊ ဟာဂျီ တစ်ခုဖြစ်လာတယ်–မြန်မာနိုင်ငံလို နိုင်ငံမျိုးက လူတစ်ဦးအနေနဲ့– ခရီးစားရိတ်– ကျမ္မာရေး အဘက်ဘက်က အဆင်ပြေမှ သွားရမယ့် တာဝန်တစ်ခုကို တောင်ပြီးခဲ့ပြီ။ နမာ့ဇ်လည်း ပုံမှန်ဖတ်တယ်၊ ဇကာ့တ်လည်း တတ်နိုင်သမျှပေးတယ်၊” ဒါပေမယ့် တာဝန်မကျေသေးပါလား– ဒီထက်ပိုပြီး အကျိုးရှိစေတဲ့ အလုပ်ကြီး ရှိသေးတယ်ပါလား– အဲ့ဒီတာဝန်ကို ငါမကျေသေးပါလား၊ ဂျန္နတ်ဟ်ကို ဖြတ်လမ်းက လိုက်မယ့်နည်း ရှိနေပါလားလို့ ခံစားလာရပါတယ်။”

အဲ့ဒ့ါက ဂျီဟာ့ဒ်လုပ်ဘို့ပဲ ဖြစ်ပါတယ်။

အဲ့ဒီလိုပြောလိုက်လို့ ဓမ္မမိတ်ဆွေများ– ညီအစ်ကို မောင်နှမများ– ထိပ်ထိပ်ပျာပျာ ဖြစ်သွားပုံရတယ်၊ မျက်လုံးတွေထဲမှာ စစ်ပွဲကြီးတွေ၊ သတ်ပွဲဖြတ်ပွဲကြီးတွေကို တီဗွီက ကြည့်ရသလို မြင်ယောင်မိပုံရသွားပါတယ်။–

ဟုတ်ပါတယ်– ဒါပေမယ့်၊ အဲ့ဒါက အစ္စလာမ် ဆန့်ကျင်ရေး သမားတွေက ဝါဒဖြန့်တာပါ။ ကျမ်းမြတ်ကုရ်အံမှာ ဂျီဟာ့ဒ်ရဲ့ အဓိပ္ပါယ်ကို သတ်ကြ ဖြတ်ကြ စစ်ဖြစ်ကြလို့ ဦးတည်ပေးထားတာ လုံးဝ မရှိဘူး။ ဂျီဟာ့ဒ်ရဲ့ အဓိပ္ပါယ်က “စွမ်းစွမ်းတမံ ရုန်းကန် လှုပ်ရှားခြင်း၊” လို့ပဲ ဖြစ်ပါတယ်။– ကျောင်းသားတစ်ယောက်– စာမေးပွဲအောင်ဘို့ ရိုးရိုးသားသား ကြိုးစားနေတာ– သူ့အတွက် ဂျီဟာ့ဒ်၊ လယ်သမားတစ်ယောက် လယ်အတွက်တိုးဘို့ ကြိုးစားနေတာ– သူ့အတွက် ဂျီဟာ့ဒ်၊ ဒါပေမယ့် အဲ့ဒီ

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

ကြိုးစားမှုတိုင်းမှာ ရိုးသားမှု၊ ဖြူစင်မှု၊ သန့်ရှင်းမှုတွေ ပါရမယ်၊– အဲ့ဒါကို အလ္လာဟ်သတ်မှတ်တဲ့ လမ်းစဉ်လို့ ခေါ်တယ်။ ဥပမာ– ကျောင်းသားတစ်ယောက် စာမေးပွဲအောင်ဘို့ ကြိုးစားတာမှာ– စာမေးပွဲတွင်း စာခိုးချတာမျိုး၊ ဆရာ ဆရာမကို လာ့ဘ်ထိုးပြီး အတန်းအောင်ဘို့ ကြိုးစားတာမျိုး မဖြစ်ရဘူး။

ဂျီဟာ့ဒ် ဆိုတဲ့ စကားလုံးကို ဒီနေ့ ကမ္ဘာကြီးက ဘာဖြစ်လို့ "သာသနာ့စစ်ပွဲလို့" နားလည်ထားတာလဲ၊ ဆိုတာ အနည်းငယ် ရှင်းပြလိုပါတယ်။ သမိုင်းအမှန်ကို တင်ပြတာပါ၊– ဘယ်ဘာသာကိုမှ စော်ကားခြင်း မဟုတ်ဘူးလို့ ကြိုတင် မေတ္တာရပ်ခံပါတယ်။– ဂျီဟာ့ဒ် ဆိုတဲ့ စကားလုံးဟာ– အစ္စလာမ်၌ သက်ဝင်ယုံကြည်သူတွေကို မိရိုးဖလာ လူများစုကြီးက ဖိနှိပ်ညှင်းပန်း မောင်းထုတ်တဲ့အခါ– အစ္စလာမ် သာသနာဝင်တွေဟာ– အမိမြေ ဇာတိမြေကို စွန့်ပြီး ထွက်ပြေးခဲ့ရတယ်၊ အဲ့ဒါကို "ဟီဂျရတ်" လို့ခေါ်ပါတယ်၊ အထက်မှာ ဖေါ်ပြထားတဲ့ ၉း၂၀ မှာ– ဂျီဟာ့ဒ်နဲ့ တွဲပြီးဖေါ်ပြထားပါတယ်။ ဆိုလိုတာက– လူ့ဘောင် ငြိမ်းချမ်းရေးတည်းဟူသော ဝါဒလမ်းစဉ်ကို ခံယူ ယုံကြည်မှုကြောင့်– ဖိနှိပ်သူများက ဖိနှိပ်သည့်အပေါ်– မိမိ၏ ဆန္ဒနဲ့ ဆန့်ကျင်လျှက်– ထွက်ပြေးတိမ်းရှောင်ရရသော်လည်း– ရောက်ရှိသွားသော ကမ္ဘာသစ်၊ နယ်မြေသစ်တွင် စွမ်းစွမ်းတမံ ရုန်းကန်လှုပ်ရှား၍ ဘဝသစ်ကို တည်ထောင်သူများ– ဖြစ်တယ်လို့– ဆိုလိုတာပါ။ ကုရ်အံရဲ့ ဘယ်နေရာမှာ ကြည့်ကြည့် ဂျီဟာ့ဒ်ကို စစ်တိုက်ခြင်းလို့ အဓိပ္ပါယ် မပေးထားပါ။– ဒါပေမယ့် အလွန်အမင်း ညှင်းပန်းခံရလို့– ကျူးကျော်စော်ကားခံရလို့– တော်လှန်ရေး ဆင်နွှဲကြတဲ့ စကားလုံး၊ **ကားတေလူး**– ခုခံစစ်၊ **ဒဖအ**– တော်လှန်ရေး စတဲ့ ကာလအတွင်း– စွမ်းစွမ်းတမံ ရုန်းကန် လှုပ်ရှားတာမှာလည်း သုံးနိုင်ပါတယ်။ ဒါပေမယ့်– ဘယ်နေရာမှာ သုံးသုံး– အဲ့ဒီစကားလုံးရဲ့ အဓိပ္ပါယ်ဟာ – စွမ်းစွမ်းတမံ ရုန်းကန်လှုပ်ရှားသည် ဆိုတာက လွဲပြီး– အခြား ဘယ်အဓိပ္ပါယ်ကိုမှ မပေးဘူး။

ဒါပေမယ့်– အေဒီ ၁၀၈၈–၁၀၉၉ ကာလ၊ ခရစ်ယာန် ပုပ်ရဟန်းမင်းကြီး ဖြစ်လာတဲ့ ပုပ်ရဟန်း အာဘန် (၂) လက်ထက်မှာ ဂျီဟာ့ဒ် ဆိုတဲ့ စကားလုံးကို အဲ့ဒီခေတ် ခရစ်ယာန် မီဒီယာများ (တီဗွီ– ရေဒီယို မရှိသေးသော်လည်း– ဝါဒဖြန့် စာစောင်များ၊ ဝါဒဖြန့်ချီရေး သမားများ) မှ တစ်ဆင့် ကမ္ဘာကြီးကို သတင်းမှား ပေးလိုက်ပါတော့တယ်။—

အဲ့ဒီအချိန်မှာ အစ္စလာမ် သာသနာ ပေါ်ထွန်းလာခဲ့တာ နှစ် ငါးရာ နီးပါးရှိနေပါပြီ။ အစ္စလာမ် သာသနာဟာ ထင်မှတ် ခန့်မှန်းလို့ မရနိုင်အောင် ကျယ်ပြန့်လာတယ်။ ကျယ်ပြန့်နေတယ်။ အရှေ့အလယ်ပိုင်း၊ ပါရှန်အင်ပါယာ၊ အာဖရိကမြောက်ပိုင်းတွေသာ မက ဥရောပထဲကို ဝင်ရောက်လာတယ်။ စပိန်နိုင်ငံ တောင်ပိုင်းဟာ အစ္စလာမ်များ၏ ပညာရေး ဗဟိုချက်မကြီး ဖြစ်လာခဲ့တယ်။ ဒါပေမယ့် စစ်ရေးနဲ့ ကျူးကျော် ထိုးဖေါက်ခဲ့တာ မရှိဘူး၊ (၁) ဥပဒေခိုင်မာစွာ ရှိပြီး– လူတန်းစား လူမျိုး မခွဲခြားဘဲ– လူလူချင်း တန်ဘိုးထားတဲ့ ဝါဒကြောင့်၊ (၂) ပါရှန်း–၊ ရောမ အင်ပါယာတွင်း ကြီးစိုးနေသော ခရစ်ယာန်ဘာသာတို့၏ ဘုန်းကြီးရဟန်းများ အပေါ် လူထုက ဆက်ကပ်ရသော ဘာသာရေး ဝန်ဆောင်မှုဒဏ်ကြောင့် (၃) အဲ့ဒီ ပတ်ဝန်းကျင် ဘာသာတွေမှာ အချင်းချင်း ဂိုဏ်းကွဲ ပြည်တွင်းစစ် ဖြစ်နေတော့– စီးပွားရေး ကျဆင်းလွန်းကာ– လူထုမှာ စီးပွားရေး ပြေလည်ရာ အိမ်နီးချင်း အစ္စလာမ် နယ်မြေများကို လုပ်ကိုင်စားသောက်ခြင်းကြောင့်– အစ္စလာမ် သာသနာနဲ့ ထိတွေ့နားလည်ခွင့် ရပြီး အစ္စလာမ် သာသနာကို ကူးပြောင်းခဲ့ကြတယ်။ အစ္စလာမ် သာသနာကို ကူးပြောင်း ယုံကြည်သူတွေက သူတို့ရဲ့နယ်မြေကို ပြန်သွားတယ်၊ အဲ့ဒီမှာ လူများစု ဖြစ်လာတယ်၊ ဒီလိုနဲ့ အစ္စလာမ် သာသနာဟာ အကြီးအကျယ် ကျယ်ပြန့်သွားခဲ့တယ်။ စပိန်တောင်ပိုင်းကိုလည်း ဒီ– နည်းနဲ့ပဲ ရောက်သွားတာပဲ။ ဒီကြားထဲမှာ– အစ္စလာမ် ပထမ မင်းဆက် အိုမိုင်ယာ့ဒ် မင်းရဲ့ နောက်ဆုံးမင်း–ဟာ၊ အဘာဆီမင်းဆက်က အာဏာသိမ်းလိုက်လို့– စပိန်ကို ထွက်ပြေးခဲ့တယ်။ အရင်ရှိပြီးသား အစ္စလာမ် သာသနာဝင်တွေနဲ့ အုပ်ချုပ်ရေး တည်ဆောက်တယ်။ စပိန်တောင်ပိုင်းက အစ္စလာမ် အုပ်ချုပ်ရေး နယ်မြေ ဖြစ်လာတယ်။ အထူးသိဘို့က စပိန်တောင်ပိုင်း ဆိုပေမယ့်၊ မူဆလင်တွေက ကျူးကျော်ပြီး နိုင်ငံ နယ်မြေတည်ဆောက်တာ မဟုတ်ဘူး၊ ဒေသခံလူမျိုးမူဆလင်တွေက သူ့နယ်မြေမှာ သူ့ဟာသူ အုပ်ချုပ်ရေး တည်ဆောက်ခြင်းသာ ဖြစ်တယ်။ အဲ့ဒီခေတ်ကာလမှာ နိုင်ငံ နယ်နိမိတ်မရှိသေးတော့– ဘယ်သူ့ဆီမှ ခွဲထွက်ခဲ့တာလည်း မဟုတ်ဘူး။– ဒီ အခါ။ မြောက်ပိုင်းက ခရစ်ယာန်မင်းဆက်က– တောင်ပိုင်းသားတွေကို သုတ်သင်ရှင်းလင်းဘို့– အင်အားစုပြီး၊ ဥရောပ တစ်တိုက်လုံးရဲ့ အကူအညီ ရရှိရေးအတွက် ပုပ်ရဟန်းမင်းကြီးမှာ အကူအညီ တောင်းခံတယ်။– ပုပ်ရဟန်းမင်းကြီး အာဘန် (၂)က ၁၀၉၅ ခု နိုဝင်ဘာ ၂၇ ရက်နေ့မှာ– ခရစ်ယာန် သူရဲကောင်း

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

များ အနေနဲ့– ခရစ်ယာန်တို့၏ နယ်မြေကို ကာကွယ်ရန်၊ ခရစ်ယာန်တို့အတွက် နယ်မြေချဲ့ထွင်ရန် စစ်ရေး ဆင်နွှဲခြင်းသည် ကရူးဆိတ် မည်သော ဘုရားဖူးခြင်း မည်၏။ လို့ လုံ့ဆော် ဓမ္မသတ် ထုတ်ပြန်လိုက်တယ်။ ကရူးဆိတ် ဆိုတဲ့ စကားလုံးဟာ– ဒီဓမ္မသတ် မတိုင်မှီက "သာသနာပြုခြင်း၊ ဘုရားဖူးခြင်း၊" လို့ပဲ ဖြစ်ခဲ့တယ်။ ဒါပေမယ့်– ပုပ်ရဟန်း အာဘန် (၂) လက်ထက်က စ သာသနာပြုစစ်လို့ ဖြစ်လာခဲ့ရတယ်။

အခြားတစ်ဘက်မှာ– အစ္စလာမ် သာသနာဝင်တွေရဲ့ ကျမ်းမြတ်ကုရ်အံပါ အဆုံးမများ၊ လူ့ယာဉ်ကျေးမှုများ ပြောဟောတာကို မူဆလင်တွေက သူတို့ကို စစ်တိုက်တယ်လို့ စွပ်စွဲခဲ့တယ်။ အစ္စလာမ် ဘာသာဝင်တွေဟာ ကျမ်းတော်ပါ ၂၅း၅၂ မှ–

فَلَا تُطِعِ الْكَافِرِينَ وَجَاهِدْهُم بِهِ جِهَادًا كَبِيرًا ۞ ဖုံးကွယ်သူများကို မနာခံလင့်၊ သူတို့ကို ဆန့်ကျင်၍ ၎င်း(ကျမ်းမြတ်ကုရ်အံ) အားဖြင့် ကြီးမားသော ရုန်းကန်မှုဖြင့် ရုန်းလှုပ်ရှားကြလော့။ ဆိုတဲ့ အဆုံးအမ အတိုင်း– လူသားတို့ရဲ့ အကျိုးငှာ– ကျမ်းမြတ်ကုရ်အံကို သွန်သင်ခြင်း၊ ရှင်းပြခြင်းဟာ အကြီးဆုံး ဂျီဟာဒ်လို့ ခံယူပြီး– ကျမ်းတော်အတိုင်း လူသားတွေကို တရားအလင်းရောင်တွေ၊ ဘဝလမ်းညွှန်တွေကို ရှင်းပြတယ်၊ သွန်သင်တယ်။ ကျမ်းတော်က လူတစ်မျိုး– လူတန်းစား တစ်ရပ်ကို ကိုယ်စား မပြုဘဲ– လူသား အားလုံးအတွက် သွန်သင်တဲ့ ကျမ်းဖြစ်နေတော့– ကြားနာရသူတွေက ကျမ်းတော်ပါ အဆုံးအမတွေကို လက်ခံ လာတယ်။ အမှန်တရားကို အသိစိတ်တွေမှာ တပ်ဆင်လာတယ်။ သူတို့ အပေါ်မှာ လူလူချင်း လူတန်းစား လက္ခဏာခွဲပြီး သတ်မှတ်ထားတဲ့– ဘာသာရေး လူတန်းစာတွေဆီက ဖယ်ခွာလာတယ်။ အဲ့ဒီအခါ– သာသနာကို မောင်ပိုင်စီးထားတဲ့– ဘာသာရေးဆိုင်ရာ ပုပ်ရဟန်းမင်းတွေက– သူတို့ရဲ့ အခွင့်ထူးခံ စည်းဇိမ်တွေ၊– ပြုတ်ကျသွားမှာကို စိုးရိမ် မကင်း ဖြစ်လာတယ်။– ပြီးတော့ သူတို့ကို တော်လှန်လာတယ်လို့ မြင်လာတယ်။– အဲ့ဒါကြောင့် အစ္စလာမ်တွေ သုံးနှုန်းပြောဆိုတဲ့ ဂျီဟာဒ်ကို သာသနာပြုစစ်လို့ စွပ်စွဲလာတော့တယ်။

အဲ့ဒီက စ– ဂျီဟာဒ်ဆိုတဲ့ အဓိပ္ပါယ်ကို သာသနာပြုစစ် လို့ ပြန်ဆို ကင်ပွန်းတပ်ပေးလိုက်တော့တယ်။ အဲ့ဒီလို ပြန်ဆိုမှုမှာ "စစ်" ဆိုတဲ့ စကားလုံးပါသွားတော့– အမှန်တကယ် မသိတဲ့– အပြစ်မဲ့ပြည်သူ ရိုးရိုးကြီးတွေက– "စစ်" ဆိုတဲ့ စကားလုံးနဲ့ အတူ ဓါးတွေ၊ ဒုတ်တွေ၊ ဒူးလေးတွေ၊ သေနတ်တွေ၊ လူသတ်လက်နက်တွေ– အနိဋ္ဌာရုံတွေကို မြင်ယောင်လာတော့တယ်။ နောက်ပိုင်းမှာ ဥရောပသားတွေ– အင်ပါယာချဲ့တော့– သူတို့ရဲ့ အဓိက ရန်သူက အာဖရိက၊ အာရှမှာ အုပ်ချုပ်နေတဲ့ မူဆလင် အင်ပါယာတွေ ဖြစ်နေတယ်။ မူဆလင် အင်ပါယာတွေက သူတို့ထက် အရင် အုပ်ချုပ်ပြီးသား ဆိုတော့– မူဆလင်တွေရဲ့ ဘာသာကို အခြားလူသားများ အထင်လွဲစေရန် နိုင်ငံရေး လက်ကိုင် ဘာသာရေး အရေခြုံတွေက ကြီးမားစွာ ဇာတ်လမ်းဆင် မှိုင်းတိုက်ခဲ့တယ်။ အခြားသော တိုင်းရင်းသားများက အစ္စလာမ် ဘာသာကို အထင်လွဲလေလေ– သူတို့ဘာသာကို သူတို့ သာသနာပြုခွင့်ရလေလေ– တစ်ဖြေးဖြေး အင်ပါယာ ချဲ့လာခဲ့တယ်။ နောက်ပိုင်း နိုင်ငံကိုပါ သိမ်းလိုက်တယ်။– ဒီလို နဲ့ ကိုလိုနီ ကျွန်ပြုခံခဲ့ရတဲ့ နိုင်ငံပေါင်းလည်း မနည်းဘူး၊ မူဆလင်တွေက ဘယ်ရောက်ရောက် သာသနာမပြုဘူး၊ ကျမ်းမြတ်ကုန်အံကို ရှင်းပြတာက လွဲပြီး၊ သူများသာသနာကို အတင်း ပါယ်ဖျက်ခဲ့တာ မရှိဘူး၊ သက်သေ အဖြစ် အိန္ဒိယ နိုင်ငံကိုကြည့်လိုက်ပါ၊ မူဆလင် မင်းဆက်တွေ အိန္ဒိယကို နှစ်ပေါင်း ၇၀၀ လောက် အုပ်ချုပ်ခဲ့တယ်။ ဘုရင်ကိုးကွယ်တဲ့ ဘာသာဟာ နိုင်ငံတော် သာသနာလို့ သတ်မှတ်တဲ့ ခေတ်မှာ အုပ်ချုပ်ခဲ့တာပါ။ ဒါပေမယ့်– အိန္ဒိယဟာ မူဆလင် နိုင်ငံ ဖြစ်သွားသလား။– လူထုလက်ခံတဲ့– ဟိန္ဒူဘာသာ၊ ဗုဒ္ဓဘာသာ၊ ဂျိန်းဘာသာ– အခြားရိုးရာ ဘာသာတွေကသာ အိန္ဒိယမှာ ထွန်းကားခဲ့တာ– မဟုတ်လား။ သူတို့ စွပ်စွဲသလို– အဓမ္မသာသနာပြုရင်– အဲ့ဒီဘာသာတွေ ဘယ်လိုလုပ် ရပ်တည်နိုင်မလဲ။–မူဆလင်များ ကြီးစိုးပါတယ်ဆိုတဲ့ အရှေ့အလယ်ပိုင်းမှာ မူဆလင်တွေ ကြီးစိုးနေတာ နှစ်ပေါင်း ၁၅၀၀ နီးပါးရှိသွားပြီး၊ အခုအချိန်ထိ ခရစ်ယာန်၊ ဂျူး၊ မဂျူစီ၊ ဒူရ်စီ၊ နဲ့ အခြား တိုင်းရင်းသာ ဘာသာလေးတွေ ရှိနေတာပဲ မဟုတ်လား၊ သူတို့ကို ဘယ်မူဆလင်လူထု၊ ဘယ်မူဆလင် အစိုးရက ဒုက္ခပေးနေလို့လဲ။––– ဆိုတာ စဉ်းစားသင့်ပါတယ်။

ဆိုလိုတာက– ဂျီဟာဒ် ဆိုတာ၊ "သာသနာပြုစစ်" မဟုတ်ဘူး ဆိုတာပါပဲ။ ဒါပေမယ့် ဝမ်းနည်းစရာ အကောင်းဆုံးက– အစ္စလာမ်တွေ အတွက် ကျမ်းတော်မှာ ပြဌာန်းပေးတဲ့– ဂျီဟာဒ် အစစ်က ပျောက်ဆုံးသွားပါတယ်။ ခရစ်ယာန် ပညာတတ်တွေဟာ အလွန်တော်ပါတယ်။– တစ်ဘက်မှာ "ဂျီဟာဒ်" ဆိုတာကို သာသနာပြုစစ်လို့ ပြန်ဆိုလိုက်ပြီး– အခြားတစ်ဘက်မှာ အဲ့ဒီဘာသာပြန် အတိုင်း– အခြားသူများကိုသာ မက၊ မူဆလင် လူထုကပါ လိုက်ယုံအောင် ဖန်တီးနိုင်ခဲ့တယ်။ အာရ်ဗီ စကားပြောတတ်တဲ့– အာရပ်က ခရစ်ယာန်တွေကို မူဆလင် ဗလီဆရာကြီးတွေ အဖြစ်မွေးပြီး– မူဆလင် ဒေသများမှာ တရားဟောခိုင်း– အယုံသွင်းခိုင်းပြီး၊ လူထုကို လှည့်စားခဲ့တယ်။ နောက်ဆုံး မူဆလင်တွေကို ကျမ်းမြတ်ကုရ်အံအား နားလည်မှုဆိုတဲ့ အတတ်နဲ့ ဝေးအောင်–ဖန်တီးနိုင်ခဲ့တယ်။ မျိုးဆက်လိုက် ရေရှည်စီမံချက်နဲ့ ဆောင်ရွက်လိုက်တော့– မူဆလင်တွေမှာ ကိုယ်ကိုယ်တိုင်က ကုရ်အံ နားမလည် ဖြစ်လာပြီး– သူတစ်ပါးကို ရှင်းပြဘို့ဆိုတာ– စိတ်တောင် မကူးရဲဘူး ဖြစ်လာခဲ့တယ်။ ဒီ

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

တော့ အစ္စလာမ် သာသနာရဲ့ စစ်မှန်တဲ့ ဂျီဟာ့ဒ်လည်း ပျောက်ဆုံးသွားပါလေရော။—နမာ့ဇ်လေးဖတ်လိုက်၊ ဥပုသ်လေး စောင့်လိုက်၊ ဇကာ့တ်လေးပေးလိုက်၊ ဟာ့ဂျ်လေးသွားလိုက်၊ ကုရ်အာံလေးကို အသံထွက်ဖတ်ပြီး နမ်းလိုက်နဲ့ အချိန်ကုန် ခိုင်းထားလိုက်တော့တယ်။ အာဖရိကတိုက်က– အချို့နိုင်ငံတွေ– ဆိုရင်၊ အစ္စလာမ် သာသနာဝင်များပါ ပျောက်ဆုံးသွားခဲ့ရတယ်။ ဒါတွေဟာ– ကျွန်တော်တို့ ညံ့လို့ ဖြစ်သွားရတယ်လို့– ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ ရိုးရိုးရှင်းရှင်း သုံးသပ်ဘို့ လိုပါတယ်။

အခု– ကျွန်တော်တင်ပြလိုတာက– အခုအချိန်မှာ ကျွန်တော်တို့ဟာ– မိမိကိုယ်မိမိ ဆင်ခြင်တတ်ပါ၊ (၂၅း၅၂) အရ ကျမ်းမြတ်ကုရ်အာံကို လေ့လာမှုတည်းဟူသော ကြီးမားသော ဂျီဟာ့ဒ်ကို လုပ်ကြပါ။ ဘေးပတ်ဝန်းကျင် မိတ်ဆွေကို မေတ္တာထားပြီး– လူ့အကျိုးပြု၊ ငြိမ်းချမ်းရေး အကျိုးပြု ဥပဒေပြဋ္ဌာန်းချက်တွေကို ရှင်းပြပါ။ ဒါဟာ အကြီးဆုံး ဂျီဟာ့ဒ် ဖြစ်တယ်လို့ အလ္လာဟ်အရှင်ကိုယ်တိုင်က ကျမ်းတော်မှာ ဆိုထားပါတယ်။ ကျွန်တော်တို့ ဟာ့ဂျ်လုပ်ခဲ့တာထက် မြင့်မြတ်တယ်လို့လည်း အလ္လာဟ်အရှင်က ကျမ်းတော်မှာ ဆိုထားကြောင်း– ကျွန်တော် စပြောကတည်းက အာယတ်တော် (၂)ပါး တင်ပြခဲ့ပါပြီ။—
ချစ်စွာသော ညီအစ်ကို မောင်နှမများအနေဖြင့်—ကြီးမားသော ဂျီဟာ့ဒ်ခေါ် ကျမ်းမြတ်ကုရ်အာံ အပေါ်၌ အချိန်ပေးခြင်း လေ့လာခြင်း၊ ဆွေးနွေးခြင်း၊ ဖြန့်ချီခြင်းများကို ပြုလုပ်ကြပါလို့ တိုက်တွန်း သတိပေါ်ပေးလျှက်–

အာလ်ဟာ့ဂျ် ဦးအောင်ဒင်– ဘီအေ၊ ဘီအီးဒီ၊ အိပ်ဂျီပီ

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com